သို့/

**အိန္ဒိယနိုင်ငံရှိ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများ**

**၂၀၂၁ ခုနှစ်၊ ဖွန်လ (၂၅)ရက်**

**၁။ UNHCR စာရွက်စာတမ်းများ( ဒုက္ခသည်ကဒ်ပြားများ နှင့် ဒုက္ခသည်အဖြစ် လျှောက်ထားဆဲ လက်မှတ်များ(UCC) ကို သက်တမ်းတိုးပေးခြင်းနှင့် ဖြန့်ဖြူးပေးခြင်း**

ဤသည် ဒုက္ခသည်ကဒ်ပြားများ နှင့် ဒုက္ခသည်အဖြစ် လျှောက်ထားဆဲ လက်မှတ်များ(UCC) သက်တမ်း ကုန်ဆုံးသူများ သို့မဟုတ် ရှေ့လာမည့် လများတွင် သက်တမ်းကုန်ဆုံးသွားသူများအား **UNHCR** နှင့် လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများက ဒုက္ခသည်ကဒ်ပြားများ နှင့် ဒုက္ခသည်အဖြစ် လျှောက်ထားဆဲ လက်မှတ်များ ပြန်လည်စတင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်းဖြစ်သည်။ သင်နေထိုင်ရာ ဒေသ ရှိ သက်ဆိုင်ရာ လုပ်ဖော်ကိုင်ဖက်အဖွဲ့သည် သင်တို့၏ သက်တမ်းတိုးထားသော စာရွက်စာတမ်းများကို လာရောက်ထုတ်ယူရန် သင်တို့နှင့်ဆက်သွယ်၍ ရက်ချိန်း ပေးမည်ဖြစ်သည်။

ဒေလီမြို့ရှိ **UNHCR/SLIC ရုံး**များနှင့် Chennai မြို့ရှိ **UNHCR ရုံး** သို့ ကြိုတင်ရက်ချိန်းမရယူပဲ စာရွက်စာတမ်းများ ထုတ်ယူရန် ကျေးဇူးပြု၍ မသွားပါနှင့်။ အဘယ်ကြောင့်ဆိုသော် **UNHCR နှင့် SLIC** သည် ကြိုတင်ရက်ချိန်းမရရှိသူများကို စာရွက်စာတမ်းများ ထုတ်ပေးနိုင်လိမ့်မည်မဟုတ်ပါ။

**၂။ ဒုက္ခသည်ကဒ်ပြား သက်တမ်းတိုးရန် လူတွေ့မေးမြန်းခြင်း**

၂၀၂၁ခုနှစ် ဇူလိုင်လ နောက်ပိုင်းမှစ၍ ဒုက္ခသည်ကဒ်ပြား သက်တမ်းကုန်ဆုံးသွားမည့် ဒုက္ခသည်များမှာ သက်တမ်းတိုး အင်တာဗျူးအတွက် ရက်ချိန်းရယူရန် လိုအပ်သည်။

**Goa နှင့် Maharashtra** တို့ရှိ ဒုက္ခသည်များသည် ကျေးဇူးပြု၍ GNMS ထံ ဖုန်းနံပါတ် ၀၂၀-၂၆၆၉၉၄၆၀ သို့ ဖုန်းခေါ်ပါ သို့မဟုတ် gnmspune@gmail.com သို့ စာရေးပြီး အကြောင်းကြားပါ။

**Telangana** ရှိ ဒုက္ခသည်များသည် ကျေးဇူးပြု၍ SCI ထံ ဖုန်းနံပါတ် ၉၁၀၀၃၁၉၄၁၁ သို့ ဖုန်းခေါ်ပါ သို့မဟုတ် rrhelpdesk@savethechildren.in သို့ စာရေးပြီး အကြောင်းကြားပါ။

**Karnataka** ရှိ ဒုက္ခသည်များသည် ကျေးဇူးပြု၍ SCI ထံ ဖုန်းနံပါတ် ၉၇၄၂၀၉၃၂၇၀ သို့ ဖုန်းခေါ်ပါ သို့မဟုတ် rrhelpdesk@savethechildren.in သို့ စာရေးပြီး အကြောင်းကြားပါ။

**Tamil Nadu, Kerala, Andhra Pradesh** တို့ရှိ ဒုက္ခသည်များသည် ကျေးဇူးပြု၍ UNHCR Chennai ရုံး ထံ ဖုန်းနံပါတ် ၀၄၄၂၄၄၆၁၇၃၂ နှင့် ၀၄၄၂၄၄၆၁၇၃၅ သို့ ဖုန်းခေါ်ပါ သို့မဟုတ် indch@unhcr.org သို့ စာရေးပြီး အကြောင်းကြားပါ။

အခြားဒေသများတွင် နေထိုင်ကြသော ဒုက္ခသည်များသည် ကျေးဇူးပြု၍ SLIC ရုံးထံ ဖုန်းနံပါတ် ၈၃၈၃၀၄၉၂၈၅ သို့ ဖုန်းခေါ်ပါ သို့မဟုတ် reg.rri@hrln.org သို့ စာရေးပြီး အကြောင်းကြားပါ။

## ၃။ **RSD အင်တာဗျူးများ**

**RSD** ခေါ် ဒုက္ခသည်အဖြစ် ဆုံးဖြတ်သတ်မှတ်ခြင်း အင်တာဗျူးများကို videocalls မှတဆင့် ဆက်သွယ်ခေါ်ဆိုပြီး ဆက်လက် ပြုလုပ်သွားပါမည်။ ရုံးသို့ခေါ်၍ လူကိုယ်တိုင်တွေ့ဆုံ မေးမြန်းမှုများ မပြုလုပ်နိုင်သေးပါ။ **UNHCR** သည် ကမ္ဘာ့ ကပ်ရောဂါကြောင့် ယခင်ပေးခဲ့သော RSD အင်တာဗျူးများ၏ ရက်ချိန်းများကို ပြန်လည်၍ ရက်ချိန်းပြောင်းပြီး စီစဉ်ခဲ့သည်။ သင်၏ အင်တာဗျူးရက်ချိန်းကို အကြောင်းကြားရန် အတွက် **UNHCR** က သင်တို့အား ဆက်သွယ်ပါလိမ့်မည်။ RSD အင်တာဗျူးများအတွက် ဒေလီမြို့ရှိ **UNHCR** ရုံးသို့ သွားရန် မလိုအပ်ပါ။

UNHCR သည် သင်၏ **RSD** အင်တာဗျူး အဖြေနှင့်ပတ်သက်၍ သင့်အား ဆက်သွယ် အကြောင်းကြား ပေးပါလိမ့်မည်။

## ၄။ လူသစ်များ မှတ်ပုံတင်ခြင်း

**Goa နှင့် Maharashtra တို့တွင်-**

အသစ်မှတ်ပုံတင်ခြင်းနှင့် မွေးတိုးမှတ်ပုံတင်ခြင်းများအတွက် ကျေးဇူးပြု၍ GNMS ထံ ဖုန်းနံပါတ် ၀၂၀-၂၆၆၉၉၄၆၀ သို့ ဖုန်းခေါ်ပါ သို့မဟုတ် gnmspune@gmail.com သို့ စာရေးပြီး အကြောင်းကြားပါ။

**Telangana တွင်-**

အသစ်မှတ်ပုံတင်ခြင်းနှင့် မွေးတိုးမှတ်ပုံတင်ခြင်းများအတွက် ကျေးဇူးပြု၍ SCI ထံ ဖုန်းနံပါတ် ၉၁၀၀၃၁၉၄၁၁ သို့ ဖုန်းခေါ်ပါ သို့မဟုတ် rrhelpdesk@savethechildren.in သို့ စာရေးပြီး အကြောင်းကြားပါ။

**Tamil Nadu, Kerala, Andhra Pradesh နှင့် Karnataka တို့တွင်-**

အသစ်မှတ်ပုံတင်ခြင်းနှင့် မွေးတိုးမှတ်ပုံတင်ခြင်းများအတွက် ကျေးဇူးပြု၍ UNHCR Chennai ရုံး ထံ ဖုန်းနံပါတ် ၀၄၄၂၄၄၆၁၇၃၂ နှင့် ၀၄၄၂၄၄၆၁၇၃၅ သို့ ဖုန်းခေါ်ပါ သို့မဟုတ် indch@unhcr.org သို့ စာရေးပြီး အကြောင်းကြားပါ။

**အထက်တွင် ဖော်ပြထားခြင်းမရှိသည့်ဒေသများ( အိန္ဒိယနိုင်ငံအတွင်း အခြားဒေသများ၌ နေထိုင်သူများ)**

အသစ်မှတ်ပုံတင်ခြင်းအတွက် indne@unhcr.org သို့ စာရေးပြီး ဆက်သွယ်ပါ သို့မဟုတ် UNHCR ဖုန်းနံပါတ်- ၁၈၀၀၁၀၃၅၆၃၅ သို့မဟုတ် Helpline နံပါတ် - ၉၈၁၀၁၇၃၁၃၀ သို့ ခေါ်ဆို ဆက်သွယ်ပါ။

မွေးတိုးမှတ်ပုံတင်ခြင်းအတွက် ကျေးဇူးပြု၍ SLIC ရုံးထံ ဖုန်းနံပါတ်- ၈၃၈၃၀၄၉၂၈၅ သို့ ခေါ်ဆို ဆက်သွယ်ပါ သို့မဟုတ် reg.rri@hrln.org သို့ စာရေးပြီး အကြောင်းကြားပါ။

**၁။ ဆက်သွယ်ရန် သတင်းအချက်အလက်များ**

သင်၏ ဆက်သွယ်ရန် လိပ်စာ အသေးစိတ်ကို သေချာအောင် လုပ်ထားပါ။ လက်ရှိ ဆက်သွယ် ရန် သတင်းအချက်အလက် အသေးစိတ်( ဖုန်းနံပါတ်/ WhatsApp နံပါတ်၊ အီးမေးလ် လိပ်စာ နှင့် ဆက်သွယ်ရန် လိပ်စာ) ကို အတည်ပြုပေးနိုင်ရန် ကျေးဇူးပြု၍ SLIC ရုံးသို့ ဖုန်းနံပါတ် - ၈၃၈၃၀၄၉၂၈၅ မှာ ဆက်သွယ်ပါ။

**၂။လုံခြုံမှုရေး ကိစ္စများ**

ကျေးဇူးပြု၍ indne@unhcr.org သို့ စာရေးပြီး ဆက်သွယ်ပါ သို့မဟုတ် အောက်ပါ ဖုန်းနံပါတ်များသို့ ခေါ်ဆိုဆက်သွယ်ပါ။

- UNHCR tollfree number: 1800 103 5635
- UNHCR helpline: 9810173130